## ကရုဏာသံစဉ်ခရီးမှတ်တမ်းပုံများ





## မာတိကာ


* ဒုတိယမြောက် အမှာစာ ၇
၁။ ကျွန်တော်နှင့် အဆောင်သရဲ ၁၃
၂။ ကျွန်တော်နှင့် ချစ်ဒုက္ခအော်ပရေးရှင်း ၂၁
၃။ ကျွန်တော်နှင့် ထိုင်ခုံနံပါတ် ၅-၆ ၃၁
၄။ အမှတ်တရ ထူးအိမ်သင် (အပိုင်း - ၁) ၄၁
၅။ အမှတ်တရ ထူးအိမ်သင် (အပိုင်း -၂) ၄၉
၆။ အမှတ်တရ ထူးအိမ်သင် (အပိုင်း - ၃) ၅၅
၇။ အမှတ်တရ ထူးအိမ်သင် (အပိုင်း - ၄) ၆၁
၈။ ကျွန်တော်နှင့် ရုပ်တောင်းသူများ ၇၁
၉။ ကျွန်တော်နှင့် ကားအလွဲများ ၇၉
၁၀။ ကျွန်တော်နှင့် မင်္ဂလာဆောင်အလွဲများ ၈၇
၁၁။ ကျွန်တော်နှင့် ခုနစ်နာရီ မာရသွန် ၉၇
၁၂။ ကျွန်တော်နှင့် မခိုင်တို့ စုံတွဲ ၁၀၇
၁၃။ ကျွန်တော်နှင့် အသံဖမ်းဆရာများ ၁၁၅
၁၄။ ကျွန်တော်နှင့် အနုပညာတက္ကသိုလ် ၁၂၃
၁၅။ ကျွန်တော်နှင့် ကိုယ်တွေ့အင်းလေး ၁၃၁
၁၆။ ကျွန်တော်နှင့် မျက်လှည့်ဆရာ ၁၄၃
၁၇။ ကျွန်တော်နှင့် ကရုဏာသံစဉ်ခရီး ၁၅၁
၁၈။ ကျွန်တော်နှင့် ကရုဏာသံစဉ်ခရီး (အပိုင်း-၂) ၁၅၇
၁၉။ ကျွန်တော်နှင့် တောင်ကြီးသင်္ကြန် ၁၆၅
၂၀။ ကျွန်တော်နှင့် မအိပ်ရသော ညများ ၁၇၃
၂၁။ ကျွန်တော်နှင့် အဓိပ္ပာယ်ရှိသောလူ ၁၈၁
၂၂။ ကျွန်တော်နှင့် ဂစ်တာမှော်ဆရာကြီး ၁၈၉
၂၃။ ကျွန်တော်နှင့် ဒေါ်ကြီးရွှေ ၁၉၇


## ဒုတိယမြောက်အမှာစာ

ပထမစာအုပ် "ကျွန်တော်နဲ့ ကျွန်တော့် ပတ်ဝန်းကျင်" ကို ထုတ်ဝေချိန်မှာ အမှာစာမဟုတ်တဲ့ အမှာစာ ဆိုပြီး ကျေးဇူးတင် စကားလည်းမကျ၊ အမှာစာလည်း မကျတဲ့ ဟိုမရောက် ဒီမရောက် စာစုလေးကို ဒီဇိုင်နာ ကိုနိုင်ဇော်ဦးရဲ့ အိမ်မှာ လက်တန်းရေးပြီး စာအုပ်ထဲ ထည့်ခဲ့ပါတယ်။ အဲဒီစာလေးကိုပဲ ကြိုက်တယ်ဆိုပြီး ချီးမွမ်းသူတွေ ရှိနေကြတော့ ကျွန်တော့်မှာ တော်တော်ကို အောက်ခြေလွတ်မတတ် ဖြစ်သွားပါတယ်။ ဒါကြောင့် ဒုတိယမြောက်စာအုပ် "ကျွန်တော်နဲ့ ကျွန်တော့်ကမ္ဘာ" ဆက်ထုတ်ချိန်မှာလည်း အမှာစာကို ပထမစာအုပ်လို ကိုယ်တိုင်ပဲ ရေးရပါတော့တယ်။

ဒီ စာအုပ်လေးတွေကို ထုတ်ဝေခဲ့ရလို့ ရတဲ့ အကျိုးအမြတ်ကတော့ ဂျာနယ်၊ မဂ္ဂဇင်းထဲမှာ ကျွန်တော် ရေးတဲ့စာ မဖတ်ဖူးဘဲ ကျွန်တော့်ကို စာတော့ ရေးတယ်။ ဒါပေမဲ့ အထင်မကြီးပါဘူး။ ပေါပင် လျှောက်လုပ်တာပါလို့ ထင်ကြသူ တချို့လည်း ကျွန်တော့် စာလေးတွေ တစ်စုတစ်စည်းထဲ ဖတ်လိုက်ရမှပဲ နည်းနည်းအထင်ကြီးသွားပုံ ရပါတယ် (ဟဲဟဲ)…။တချို့ကျတော့ စာဆက်မရေးမှာ စိုးရိမ်ပြီး အတင်းကို စာဆက်ရေးခိုင်းတဲ့ သူတွေလည်း ပေါ်လာပါတယ် (ဘာလို့ ရေးခိုင်းတာလည်း မေးကြည့်တော့ ရယ်ရလို့



အဲဒီလို ရယ်စရာတွေ ရေးပေးပါဦးတဲ့)။ ဒါကတော့ ကျွန်တော့်ကို ဟာသစာရေးဆရာလိုင်းထဲ ထည့်လိုက်တာပါ။ သူငယ်ချင်း အဆိုတော် ဖနီးမောင်နဲ့ကတော့ ကျွန်တော့်စာအုပ် သူတို့ကို လက်ဆောင်ပေးပြီး နောက်တစ်နေ့မှာ ဖုန်းပြန်ဆက်ပါတယ်။ "ကျွန်တော်နဲ့ ကျွန်တော့် ပတ်ဝန်းကျင်" စာအုပ်ကို ဖတ်ပြီး သူ့မိန်းမက ရယ်တယ်။ ယောကျ်ားဖြစ်သူ အဆိုတော်(သူငယ်ချင်း)က ငိုတယ် (ခံစားရလို့)တဲ့။ ကျွန်တော့် စာအုပ်ရဲ့ အစွမ်းကို ကျွန်တော် ပြန်ကြားရသမျှတွေဟာ ဘာနဲ့တူသလဲဆိုတော့ ဘာမှန်းမသိဘဲ ကောင်းကင်ပေါ်က တိမ်တွေ လေတိုက်လို့ ရွေ့လျားပြီး ရုပ်ပုံတွေလို ဖြစ်နေတာ ကြည့်နေရသလို ကျွန်တော့်ရဲ့ ခံစားမှုသက်သက် ရေးခဲ့သမျှ စာတွေက ခံစားတတ်တဲ့ အနုပညာသမားအတွက် ဝမ်းနည်းစေတယ်။ အပျော်လိုချင်တဲ့ စာဖတ်ပရိတ်သတ်က ပျော်တယ်ဆိုတာ ကျွန်တော် ပြန်ကြားခဲ့ရပါတယ်။

နောက်ထပ် ကြားရတဲ့ စာဖတ်ပရိသတ် ဦးလေးကြီး တစ်ယောက်ရဲ့ အသံကတော့ ကျွန်တော့် စာအုပ်ထဲက ခရီးသွား ဆောင်းပါးတွေ ဖတ်ရတာ ကိုယ်ပါ အဲဒီ ခရီးသွားနေရသလို ထူးဆန်းတဲ့ ဗဟုသုတတွေလည်း ရတာကြောင့် ခရီးသွားဆောင်းပါးတွေ များများရေးပါ ဆိုလို့… ကိုယ်ဟာ ခရီးသွားဆောင်းပါးလည်း ရေးတတ်ပါလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိထားမိလာပါတယ်။ (တကယ်တော့ ရေးချင်တဲ့ ကိစ္စလေးတွေကိုသာ ရေးလိုက်တာပါ။ ခရီးသွားဆောင်းပါး ဖြစ်ရပါစေတော့လို့ ရည်ရွယ်ပြီး ရေးခဲ့တာ မဟုတ်ခဲ့ပါဘူး။ မှန်ကန်သော သစ္စာစကားကြောင့် အခုစာအုပ်လည်း ရောင်းရပါစေလို့ ကျိန်ရဲပါတယ်… ဟဲဟဲ)

တချို့ ဂျာနယ်လစ် သူငယ်ချင်းတွေကတော့ ကျွန်တော် ရေးတာ သရော်စာလို့ သက်မှတ်ကြပါတယ် တချို့ကတော့ လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကြောင်းကို စကတ်ချ် ကောက်ကြောင်း ချက်ချင်းဆွဲသလို လျှပ်တစ်ပြက်ပုံဖော်တာ ဖတ်လို့ ကောင်းပါသတဲ့။ ကျွန်တော်လည်း သူတို့ ချီးမွမ်းကြမှ ကိုယ် ရေးတာ အဲဒီ အမျိုးအစား ဖြစ်နေတာ သိခဲ့ရပါတယ်…

ဒီလို မှတ်ချက်တွေ ဘာလို့ မတူညီကြတာလဲ။ ကျွန်တော် စာရေးတဲ့ ပုံစံက ဘာလို့ သတ်သတ်မှတ်မှတ် မရှိရတာလဲလို့ ကိုယ့်ကိုကိုယ် ပြန်ပြီး အထပ်ထပ် စဉ်းစားရပါတော့တယ်။ တကယ်တော့ ကိုယ်ရေးချင်လို့ ရေးသမျှ အကြောင်းအရာတွေက ဘာဖြစ်လို့ ပုံစံမျိုးစုံ ဖြစ်နေသလဲ တွေးရပါတယ်။



အဲဒီတော့မှ အချက် ၂ ချက်ကြောင့် ဒီလို စာတွေ ပုံစံအမျိုး မျိုးကွဲနေခဲ့ရတာလို့ သိလာရပါတော့တယ်။ ပထမအချက်က ကျွန်တော်ငယ်ငယ်ထဲက အခုထိ ဖတ်ခဲ့တဲ့ စာရေးဆရာ ပေါင်းစုံ၊ စာအုပ်ပေါင်းစုံရဲ့ ကျွန်တော့်အပေါ် မသိစိတ်က လွှမ်းမိုးမှု၊ ဒုတိယအချက်က ကျွန်တော် ရေးတဲ့အချိန်မှာ ကျွန်တော့်ရဲ့ စိတ်ခံစားမှုကို ဦးစားပေးလွန်းတဲ့ စိတ်ဓာတ်ကြောင့် တစ်စုံတစ်ခုကို သတိရသွားတာနဲ့ ရေးချင်စိတ် ပေါ်လာတာနဲ့ ကိုယ်ရေးမယ့်လိုင်း ဟုတ် မဟုတ်၊ ကိုယ့်ဦးတည်ချက် ဟုတ် မဟုတ် မစဉ်းစားတော့ဘဲ ငယ်ငယ်ထဲက ဖတ်ခဲ့တဲ့ စာတွေရဲ့ လွှမ်းမိုးမှုတွေနဲ့ ပေါင်းစပ်ပြီး ကိုယ်ရေးချင်တဲ့စာ၊ ကိုယ်တွေးနေတဲ့ အတွေး၊ ကိုယ့် အတွေ့အကြုံတွေကို ပေါင်းစပ်ပြီး နတ်ဝင်သည် နတ်ပူးသလို တရစပ် ရောက်ရာနေရာ၊ သင်္ဘော၊ လေယာဉ်၊ မီးရထား၊ ဟိုတယ်၊ တည်းခိုခန်း စသဖြင့် နေရာစုံမှာ ရေးခဲ့တာကြောင့် ကျွန်တော့် စာတွေဟာ နေဝင်ချိန်မှာ တိမ်တိုက်တွေရဲ့ ရုပ်ပုံတွေကို ကြည့်ရသလို ဖြစ်ချင်သလိုဖြစ်၊ အရသာ ခံစားတဲ့သူတွေ ခံစားချင်တဲ့ အရသာရအောင် လိုသလိုဆွဲကြည့်ပြီး ခံစားလို့ရတဲ့ စာစုလေးတွေ ဖြစ်လာခဲ့တယ်လို့ ထင်မိပါတယ် …

ကျွန်တော့် စာစုတွေဟာ စာရေးသားခြင်း အတတ်ပညာ မပါဝင်ပေမယ့်၊ ဖတ်လို့ ကောင်းတယ်လို့ ဆန်ရင်းနှာနှာ ဖွပ်သလို၊ ဝေဖန်ပေးခဲ့တဲ့ သူငယ်ချင်း အယ်ဒီတာတစ်ယောက်ရဲ့ စကားကို ကျွန်တော့် သူငယ်ချင်းတွေ ကြားရတော့ စိတ်ဆိုးကြပေမယ့် ကာယကံရှင် ကျွန်တော်ကတော့ စိတ်မဆိုးနိုင်ဘဲ စာဖတ်ပရိသတ်တွေ ဖတ်ချင်စိတ် ပေါ်လာအောင် ရေးနိုင်ရင်ပဲ ကျေနပ်နေမိပါတော့တယ်။ ကျွန်တော့်အတွက် စာရေးသားချင်း အတတ်ပညာလည်း (တကယ့် စာရေးဆရာကြီးတွေလို) မတတ်ချင်နေပါ။ ကျွန်တော် ကျင်လည်နေတဲ့ ဂီတကမ္ဘာလေးထဲက အတွေ့အကြုံ၊ ခံစားရတဲ့ ဝေဒနာ၊ ဗဟုသုတ၊ ရယ်စရာ တကယ့်အဖြစ်အပျက်လေးတွေကို ဖတ်ခွင့်ရအောင် ရေးသားတင်ပြခွင့်ရခဲ့တဲ့အတွက်ပဲ တစ်သက်လုံး ဂုဏ်ယူနေမိပါတော့တယ်။ ဒါကြောင့်လည်း ဒုတိယမြောက် စာအုပ်လေးရဲ့ နာမည်ကို "ကျွန်တော်နဲ့ ကျွန်တော့် ကမ္ဘာ" လို့ အမည်ပေးလိုက်ရပါတော့တယ်။ တကယ်လည်း စာဖတ်ပရိသတ်တွေ ကျွန်တော့်ရဲ့ ကမ္ဘာထဲကို ဝင်ရောက်ကြည့်ရှုနိုင်ကြပါစေလို့ ဆုတောင်းရင်း. . .

နိုင်ဇော် (LAZY CLUB)